မ–တစ်လုံးကျေ ဆရာတော်

မောင်အောင်မြင့် (ညောင်ဦး)

E-book is created by www.shanyoma.org

အသက်(၇)နှစ်သားအရွယ် ဘုန်းကြီးကျောင်းသားဘဝမှာပင် ပရိတ်ကြီးနှင့်ပါဠိအနက်များကို အာဂုံဆောင်နိုင်ခဲ့သူ၊ (၁၂)သားအရွယ်တွင် ရှင်သာမဏေဝတ်ခဲ့ပြီး ဗုဒ္ဓစာပေပရိယတ္တိများကို ထွန်းပေါက်နိုင်နင်းလာခဲ့သူ၊ အသက်(၂၀)အရွယ်တွင် ရဟန်းခံခဲ့၍ (၅)ဝါမြောက်မှာပင် နိကာယ် ၅-ရပ်နှင့်ပိဋကတ်သုံးပုံတို့ကို နှုတ်ငုံရွရွတတ်မြောက်ခဲ့သော ဆရာတော်ကို ပြပါဟုဆိုလျှင် မ-တစ်လုံးကျေဆရာတော်ခေါ် အတုလဆရာတော်ခင်ကြီးပျော်ကို ပြရမည်ဖြစ်ပါသည်။ ဆရာတော်ကား လောကုတ္တရာစာပေသာမက လောကီရေးရာစာပေကျမ်းဂန်တို့ကိုပါ နှံ့စပ်တတ်မြောက်ပေါက်ရောက်ခဲ့သူ ဖြစ်ပါသည်။

တောင်တွင်းကြီးမြို့၊ မြောက်လက်မြို့ လုလင်မြို့အနီး ပုတီးကုန်းကျေးရွာတွင် အဖ ဦးဖိုပြေ၊ အမိဒေါ်ကြာတို့မှ နောင်တွင် ခင်ကြီးပျော် ဖြစ်လာမည့်မောင်ပျော်ကို သက္ကရာဇ် ၁၀၈၆-ခုကဆုန်လပြည့် အင်္ဂါနေ့တွင် ဖွားမြင်ခဲ့ပါသည်။ ပုဂံရွှေကျောင်းဆရာတော်ထံတွင် ပညာသင်ကြားခဲ့၍ ဘွဲ့အမည်မှာ 'ရှင်ဉာဏ'ဖြစ်ပါသည်။ နောင်တစ်ချိန်တွင် အကျော်ဇေယျဖြစ်လာချိန်တွင် ဘွဲ့မည် ရှင်ဉာဏထက် ငယ်မည်မောင်ပျော်ကိုသာ စွဲစွဲမြဲမြဲ လေးစားစွာ ခေါ်ခဲ့ကြသည်။ 'ခင်ကြီး'ဆိုသောစကားမှာ မိန်းမသားတစ်ဦးဟု ထင်ယောင်ဝိုးဝါးဖြစ်စေနိုင်သော်လည်း အမှန်ကမူ ရဟန်း၊ ဘုန်းတော်ကြီးတို့ကို ခေါ်သော ပေါရာဏ-ဝေါဟာရတစ်ခု ဖြစ်ပါသည်။

ဆရာတော်၏မွေးရာဇာတိနှင့်ပတ်သက်၍လည်းကောင်း၊ ဆရာတော်သီကုံးခဲ့သော 'ပုတ္တောဝါဒ'ဆုံးမစာနှင့်ပတ်သက်၍လည်းကောင်း၊ သုတေသီတို့ အယူအဆကွဲလွဲကြသည်များ ရှိပါသည်။ ပုတ္တောဝါဒဆုံးမစာကို ဆရာနန်းညွှန့်ဆွေက တည်းဖြတ်၍ ဟံသာဝတီတိုက်မှ ရိုက်နှိပ်ထုတ်ဝေသော 'ဆုံးမစာပေါင်းချုပ်'တွင် တွေ့နိုင်ပါသည်။ ယင်းဆုံးမစာကို ညောင်ကန်တိုက်တွင် သီတင်းသုံးနေသော ဆရာတော်၏ငယ်သူငယ်ချင်း ဦးဉာဏက တောင်းပန်၍ ရေးသားသည်ဟု မှတ်သားရဖူးပါသည်။ ဘွဲ့အမည်ချင်း တူနေသည်မှာ သတိထားစရာ ကောင်းလှ၏။ တချို့က ပုတ္တောဝါဒဆုံးမစာကို ရေးသူမှာ 'ဆားတုံဆရာတော်သာဖြစ်သည်'ဟုထင်ကြေးပေးကြပါသည်။ ဆရာတော်

E-book is created by www.shanyoma.org

၏ဇာတိဇာစ်မြစ်ကိုလည်း မုံရွာနယ်၊ ချင်းတွင်းမြစ်အနောက်ဘက်ရှိ ဆားတုံချောင်းရွာဟု ယူဆကြသူများကို တွေ့ရပါသည်။ ဆရာတော်ရေးခဲ့သော ပုတ္တောဝါဒဆုံးမစာ အပိုဒ် ၁၇၊ ကြောင်းရေ ၄-တွင်. . .

"ဆားတုံရွာ၏ဒိသာတောင်စောင်း၊ စဉ်းငယ်စောင်းသည်၊ ချောင်းရှေ့ဖက်ကမ်း၊ ပန်းကားဝေဝေ၊ သီးမျိုးထွေ၍၊ ရေကားဧမြ၊ ရိပ်ချမ်းလှနှင့်"ဟူသော စပ်ဆိုချက်များကိုထောက်၍ မုံရွာနယ်နှင့်မှားယွင်းကြဟန်တူပါသည်။ သို့သော် အရှေ့အနောက် စီးဆင်းနေပါသည်။ ဤနေရာသာ မှန်လျှင် ဆရာတော်၏ဇာတိရွာမှာ ချောင်း၏တောင်မြောက် တစ်ခုခုသာ ဖြစ်ရမည်။ 'ချောင်းရှေ့ဖက်ကမ်း'မဖြစ်တန်ရာပါ။

ချောင်းအရှေ့ဖက်ကမ်းဟု ဆိုခြင်းကြောင့် တောင်တွင်းကြီးမြို့ မြောက်ဘက် ပုတီးကုန်းရွာအနီး တောင်မြောက်စီးဆင်းနေသော ဆားတုံချောင်းခေါ် စာတုံ့ချောင်းသာ ဖြစ်ရမည်။ ဆားတုံရွာဟူ၍လည်းရှိပါသည်။ စစ်ကိုင်းမြို့နယ်အတွင်းက ဆားတောင်ရွာတွင်လည်း ချောင်းမည်မည်ရရ မရှိပါ။ ညောင်ပင်သာ ဦးပုညနှင့်ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့ကလည်း ဆရာတော်ကို တောင်တွင်းကြီးမြို့နယ်သားဖြစ်ကြောင်း မှတ်စုမှတ်တမ်းများဖြင့် အခိုင်အမာ ဆိုခဲ့ကြပါသည်။

လောကုတ္တရာစာပေကျမ်းဂန်များကို သူမတူအောင် ထွင်းပေါက်နှံ့စပ်လာသောအခါ ကျေနပ်အားရခြင်းမရှိသော ဆရာတော်သည် လောကီပညာရပ်များကို လိုက်စားပြန်ပါသည်။ ဤသို့ဖြင့် လောကုတ္တရာရော လောကီပါ မသိ မတတ်၊ နားမလည်သည်တို့ မရှိတော့သည်အထိ ပေါက်မြောက်လာပြန်သောကြောင့် 'မကာရလောပ'မ-တစ်လုံးကျေအကျော်ခင်ကြီးပျော်ဟု ကျော်ကြားလာပါတော့သည်။ လေ့လာသမျှကိုလည်း အတုမရှိ နိုင်နင်းကျွမ်းကျင်လှသောကြောင့် 'အတုလဆရာတော်'ဟူ၍လည်း ကြည်ညိုစွာ ခေါ်ဝေါ်ခြင်း ခံရပြန်ပါသည်။ ငယ်နာမည်ပါပေါင်းစပ်၍ ကြည်ညိုသူများ၏နှုတ်ဖျားတွင် 'အတုလဆရာတော် မတစ်လုံးကျေခင်ကြီးပျော်'ဆိုသောဘွဲ့အမည်မှာ ယနေ့တိုင် ကျန်ရစ်ခဲ့ပါသည်။

အဖက်ဖက်မှ နှံ့စပ်တတ်ပွန်လှသော ဆရာတော်ကို စစ်ကိုင်းမြို့နန်းတည်အလောင်းမင်းတရားကြီး၏သားတော် နောင်တော်ကြီးမင်းတရားက စစ်ကိုင်းသို့ပင့်ဆောင်ကိုးကွယ်ပါသည်။ ရတနာရွှေဘုံတုလ္ဓတ်ကျောင်းတော်ကြီးကိုလည်း ဆောက်လုပ်လျှုဒါန်းခဲ့ပါသည်။ အလောင်းမင်းတရားကြီး လွန်၍ နောင်တော်ကြီးမင်းနန်းတက်သောအခါ သာသနာပိုင်ဆရာတော်အဖြစ် တင်မြှောက်ခံခဲ့ရသည်။ ဘွဲ့တော်မှာ 'ဥဏာလင်္ကာရ သဒ္ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု'ဖြစ်ပါသည်။

အခါတစ်ပါး၌ နောင်တောင်ကြီးမင်းတရားက ဆရာတော်အား ပညာစမ်းသည်ဆို၏။ စမ်းပုံမှာ ဆရာတော်စံရာ ကျောင်းတော်သို့ ဒါနပွဲတစ်ခုလုပ်၍ ဆိုင်းဆရာများအား စေလွှတ်ကာ တီးမှုတ်ကြစေသည်။ ဆိုင်းသံကြားသောအခါ ဆရာတော်က အနီးသို့လာ၍ နားထောင်သည်။

ထို့နောက် 'ဟိုအလုံးနဲ့သည်အလုံး တွဲတီးစမ်း၊ သည်နားကအလုံးနဲ့ ဟိုနားက အလုံး တွဲတီးစမ်း' ဟုခိုင်းသည်ဆို၏။ ယင်းသို့ဆန်းဆန်းပြားပြားများကို ခိုင်းစေသည်ကို လိုက်လံတီးမှုတ်ကြရာမှာ ဆိုင်းလောကတွင် မကြားဖူးသော အသံများ ထွက်လာသည်ဟု မှတ်သားခဲ့ရဖူးပါသည်။

ဆရာတော်ရေးသားခဲ့သော လက္ခဏာ၊ ဗေဒင်၊ နက္ခတ်၊ အဂ္ဂိရတ်နှင့်ဆေးကျမ်း၊ ဓာတ်ကျမ်း၊ လောကီပညာမှတ်တမ်းတို့မှာ ယခုထက်တိုင် ပညာရှင်များ အားထားနေကြဆဲဖြစ်သကဲ့သို့ ပဌာန်းအရကောက်၊ ဥာတ်ကောက်၊ ယမိုက်ဂဏ္ဍိ၊ 'ဂမ္ဘီရဒေသနာအရကောက်ကျမ်း'၊ 'ဂဏ္ဍိ ပဗ္ဗ၊ သဗ္ဗန္ဓ၊ ဝဏ္ဏနာကျမ်း'တို့မှာလည်း ယခုချိန်ထိ လက်လွှတ်ပစ်ပယ်၍ မရနိုင်သေးပါ။

ဤနေရာတွင် စပ်မိ၍ ဆရာတော်ရေးသားခဲ့သော 'ဝိဇ္ဇာမယ သိဒ္ဓိထွက်ရပ်ပေါက်ကျမ်းလာ သရဏဂုံသုံးဆယ်ဘုရားရှိခိုး'ကို တင်ပြလိုပါသည်။

ဗုဒ္ဓဘာသာဝင်များ သာမန်ရိုးရိုးယုံကြည်နေသော 'ဗုဒ္ဓံ သရဏံ ဂစ္ဆामိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ'တွင် ရှေ့မှဖြည့်စွက်စကားလုံး ထည့်သွင်းထားခြင်း ဖြစ်ပါသည်။ ထိုစကားလုံးများကို အတိုကောက် မှတ်သားရပါမူ. . .

ဇာ၊ ဘော၊ ဇိ၊ ယာ၊ မ၊ မ၊ အ၊ အ၊ နိ၊ နိ စသည်ဖြင့် ၁၀-လုံးရှိပါသည်။ ပါဠိစကားများ ဖြစ်၍ အရှည်ဖွင့်ပြီး အနက်ပြန်ရလျှင်. . .

ဇာ=ဇာတိပရိယန္တံ=ဇာတိပဋိသန္ဓေ ကုန်ဆုံးသည့်တိုင်၊
ဘော=ဘောဂပရိယန္တံ=စည်းစိမ်ချမ်းသာ ကုန်ဆုံးသည့်တိုင်၊
ဇိ=ဇိဝိတပရိယန္တံ=အသက်ကုန်ဆုံးသည့်တိုင်၊
ယာ=ယာဝဇီဝံပရိယန္တံ=အသက်ထက်ဆုံးတိုင်၊
မ=မရဏပရိယန္တံ=သေခါနီးတိုင်အောင်၊
မ=မရဏကာလပရိယန္တံ=သေသည့်ကာလတိုင်အောင်၊
အ=အရဟတ္တံမဂ္ဂပရိယန္တံ=အရဟတ္တမဂ်ရသည့်တိုင်အောင်၊
အ=အရဟတ္တမဂ္ဂကာလပရိယန္တံ=အရဟတ္တဖိုလ်ရသည့်တိုင်အောင်၊
နိ=နိဗ္ဗာနပရိယန္တံ=နိဗ္ဗာန်ဝင်ခါနီးတိုင်အောင်၊
နိ=နိဗ္ဗာနကာလပရိယန္တံ=ပရိနိဗ္ဗာန်ဝင်စံသည့်တိုင်အောင် ဟူ၍ဖြစ်ပါသည်။ ရွတ်ဆိုပုံမှာ

ဇာတိ ပရိယန္တံ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဇာတိ ပရိယန္တံ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဇာတိ ပရိယန္တံ၊ သံဃံ သရဏံ ဂစ္ဆာမိ။
ဘောဂ ပရိယန္တံ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဘောဂ ပရိယန္တံ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ဘောဂ ပရိယန္တံ၊ သံယံ သရဏံ ဂစ္ဆာမိ။ ဟူ၍ဖြစ်ပါသည်။

ဖေါ်ပြထားသော စကားတစ်လုံးကို သုံးကြိမ်နှုန်းနှင့်ဆယ်လုံးစေ့သောအခါ သရဏဂုံသုံးဆယ်ဖြစ်သွားပါသည်။ ဤကားဆရာတော်၏ထူးခြားသော ဘုရားရှိခိုးတစ်မျိုး၊ သရဏဂုံဆောက်တည်ခြင်း တစ်မျိုးဖြစ်ပါသည်။

ဆရာတော် ရေးသားခဲ့သော ကျမ်းများကို လက်လှမ်းမီသမျှ ရှာဖွေကြည့်ရာ ဝိထိလက်ရိုး၊ ဂမ္ဘီရတ္ထဒေသနာအရကောက်ကျမ်း၊ ဒွါဒရာသီဆေးကျမ်း၊ ဒွါဒသစိန္တာနက္ခတ်ကျမ်း၊ အာဒိကပ္ပကျမ်း၊ ကပ္ပါလက်ီာရကျမ်း၊ ကပ္ပဝဏ္ဏနာကျမ်း၊ လက်ရိုးဗေဒင်ကျမ်း၊ အင်္ဂဝိဇ္ဇာကျမ်းကိုးတွဲ၊ ဆနဝုတ္တိဆေးကျမ်း၊ အသီတိဓာတ်ကျမ်း၊ ဇမ္ဗူတန်ဆောင်ကျမ်း၊ ဇမ္ဗူဦးဆောင်းကျမ်းခေါ် ဇမ္ဗူဒီပဦးဆောင်းကျမ်း၊ လက်ဝဲနော်ရထာလျှောက်ထုံး၊ ဂဏ္ဌာပဗ္ဗဆက္ကဝဏ္ဏနာကျမ်း၊ သုတ္တမာလာဝုတ္တိမာလာကျမ်း၊ သဒ္ဒါဆစ်၊ ပုဒ်ဆစ်သံဝဏ္ဏနာကျမ်း၊ နည်းလေးဆယ်ကျမ်း၊ သဒ္ဒါငယ်ကစ္စာယနသာရအရကောက်၊ ဥတ်ကောက်၊ နေတ္တိဟာရအရကောက်၊ ဇော်ကဝိဇ္ဇာကျမ်း၊ အင်္ဂဝိဇ္ဇာမဟာဌီကာ၊ ဒွါဒသိမ်ကျမ်း၊ ပုတ္တောဝါဒဆုံးမစာ၊ ပဌာန်းအရကောက်၊ ယမိုက်ဂဏ္ဌိ၊ လက္ခဏာကျမ်း၊ ဓာတ်ကျမ်း၊ ဝိဇ္ဇာမယ သိဒ္ဓိထွက်ရပ်ပေါက်ကျမ်း၊ မဟာနဒီကွန်ချာကျမ်း၊ ကဝေသာရကျမ်း၊ သာသနာသိုက်ကျမ်း၊ အဂ္ဂိရတ်ကျမ်း၊ ရွှေဖြစ်ငွေဖြစ် ကျမ်းများအပါအဝင် ကျမ်းပေါင်း ၄၀-ကျော်ပြုစုခဲ့သည်ဟု မှတ်သားရဖူးပါသည်။

သက်တော် ၃၈-နှစ်အရောက် ပျံလွန်တော်မူခါနီး နာမကျန်းဖြစ်တော်မူသည့်အခိုက် တပည့်များနှင့်သမားတော်များက ဆေးဝါးကြပ်မတ် ကုသကြရာ ဆရာတော်က 'နေကြအုံး'ဟုဆို၍ လက်စွဲတပည့်ပဉ္စင်းငယ်တစ်ပါးအား မြို့တွင်းနှင့်လေးပြင်လေးရပ်တို့ကို လှည့်လည်ပြီး စနည်းနာစေရန်အလို့ငှာ စေလွှတ်လိုက်သည်။ ပဉ္စင်းငယ်လည်း ဆရာတော်အမိန့်အတိုင်း လှည့်လည်ရာ လမ်းဆုံလမ်းမ၊ လမ်းလေးခွတစ်နေရာတွင် မိန်းမတစ်ယောက်(အချို့ အရူးမဟုဆိုသည်)ကိုတွေ့ရသည်။ ထိုမိန်းမ၏နှုတ်မှလည်း 'သီ၊ ဘော၊ သုံး၊ ဆယ်'ဆိုသော စကားကို ထပ်တလဲလဲ ရွတ်နေသည်ကို ကြားရသဖြင့် မှတ်ယူလာပြီး ဆရာတော်အား တင်လျှောက်သည်။ ဆရာတော်က သေချာစွာ မှတ်သားနားစိုက်အပြီး "မင်းတို့ဆေးဝါး ငါ မစားလိုတော့၊ ငါကား ဤဝေဒနာမှလွတ်မြောက်တော့မည် မဟုတ်'ဟု အမိန့်ရှိလိုက်ရာ အားလုံး အံ့အားတသင့်ဖြစ်ကုန်ကြသည်။ ဆရာတော် မိန့်မှာစကားနှင့်စပ်လျဉ်း၍ တပည့်များ၏မေးမြန်းချက်ကို ဆရာတော်က ဖြေကြားသည်မှာ "(ဘော)အိုအချင်းတို့ (သီ)သီလရှိသော (ဆယ်)အဂ်ါသားသည် (သုဉ်း)သေဆုံးလတ္တံ့"ဟူ၍ တဘောင်သဘော၊ နိမိတ်သင်္ကေတ ကောက်ယူပြီး ဆေးဝါးဟူသမျှကို လုံးဝမသုံးဆောင်ဘဲ နေတော့သည်ဟု မှတ်သားရဖူးပါသည်။

ဆရာတော်သည် သက်တော် ၃၈-နှစ်၊ သင္ကြာဇ် ၁၁၂၄-ခုနှစ်တွင် ပျံလွန်တော်မူခဲ့ပါသည်။ ဆရာတော်၏ထေရုပ္ပတ္တိနှင့်စပ်လျဉ်း၍ ပြည့်စုံစွာ မတွေ့ရဖူးပါ။ ဟိုသည်နည်းနည်းမျှ

လောက်သာ တွေ့ရပါသည်။ ဟသ်ာတမြို့ မြစ်ကွေ့ဆရာတော်စီစဉ်သော ကန်တော့ခန်းတွင် ဆရာတော်၏အထုပ္ပတ္တိစာတမ်း လက်ရေးမူရှိသည်ဟူ၍ကား မှတ်သားရဖူးပါသည်။ တတ်ကျွမ်းနှံ့စပ်သူများအနေဖြင့် ဖေါ်ထုတ်သင့်လှသောကိစ္စ ဖြစ်ပေသည်။ ထွက်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ယုံကြည်ရင်း စာပေပရိယတ္တိအကျော် ဆရာတော်အား လက်စုံမိုး၍ ရှိခိုးပူဇော်လိုက်ပါသည်။

မောင်အောင်မြင့်(ညောင်ဦး)

မှတ်ချက်။ ။၁၉၈၉-ခုနှစ်၊ မတ်လထုတ် မြဝတီမဂ္ဂဇင်း စာမျက်နှာ(၉၇ မှ ၁၀၀)ထိ၌လာရှိသော ဆောင်းပါးကို ပြန်လည်ပြင်ဆင်ခြင်းမရှိပဲ ရိုက်နှိပ်ထားပါသည်။

E-book is created by www.shanyoma.org